INTERIM CHIN NATIONAL CONSULTATIVE COUNCIL (ICNCC)
Email: chincouncil@protonmail.com
Phone: +91 936 229 7959

# ထုတ်ပြန်ကြေညာချက်

## (၁/၂၀၂၁)

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့

စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးလူထုလှုပ်ရှားမှု ၂၀၂၁ သည် ပြည်ထောင်စုတဝန်း ဖြစ်ပွားလျက်ရှိပါသည်။ ထို့ကြောင့် ချင်းပြည်နှင့် ချင်းလူမျိုးတို့၏ နိုင်ငံရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ ချင်းအဖွဲ့အစည်းများအကြား ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ကြပါသည်။ ချင်းအဖွဲ့အစည်းများ၏ ညှိနှိုင်းဆုံးဖြတ်ချက်များအရ အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၁။ ချင်းပြည်နှင့် ချင်းလူမျိုးကိုယ်စား နိုင်ငံရေးဆိုင်ရာလုပ်ငန်းများကို ဦးစီးဆောင်ရွက်ရန်အတွက် ကြားကာလချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ (Interim Chin National Consultative Council) ကို ဖွဲ့စည်းလိုက်ပါသည်။

၂။ ကြားကာလချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ (ICNCC) သည် အာဏာရှင်စနစ်ကို အဆုံးတိုင်ဆန့်ကျင်တော်လှန်ပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက်ရှိသည့် ချင်းပြည်နယ်တည်ဆောက်ရေးနှင့် တန်းတူရေး အာမခံချက်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားပါမည်။

၃။ ကြားကာလချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ (ICNCC) သည်

(က) ပြည်နယ်အဆင့်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းထူထောင်သွားမည်။ ချင်းပြည်နယ်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကိစ္စရပ်များကို ဆောင်ရွက်သွားမည်။

(ခ) ဖက်ဒရယ်အဆင့်တွင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG) ဖွဲ့စည်းထူထောင်ရေးအတွက် ကိုယ်စားလှယ်များ စေလွှတ်၍ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့်အတူ တန်းတူရည်တူ ပူးပေါင်းဆောင်ရွက်သွားမည်။

၃။ ထို့ပြင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အစိတ်အပိုင်း(၁) ၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ကြေညာစာတမ်း၊ အခန်း(၄) အပိုင်း(၃) တွင် ပါဝင်သည့် အခြေခံအခွင့်အရေးများနှင့် တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများ ခေါင်းစဉ်အောက်ရှိ အပိုဒ်(၂၂) မှ အပိုဒ်(၂၇) ပါဖော်ပြထားချက်များ သည်လည်း အနာဂတ်ဖက်ဒရယ်ပညာရေးဆိုင်ရာ ဖြည့်ဆည်းပေးရန် လိုအပ်သည့်အချက်များအဖြစ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက လက်ခံထားသည့် အချက်များ ဖြစ်ပါသည်။

၄။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေး၏ အခြေခံလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ကျောင်းသားသမဂ္ဂများ၏ ခံယူချက်၊ လိုလားချက်များကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်းနှင့် အကြမ်းဖက်အာဏာရှင်တော်လှန်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကျောင်းသားသမဂ္ဂ အဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးနှင့်ဆက်လက်လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်